
mgyoe.com



# မန်းမော်တင်အောင်

## မြင်ညက္ကာနေဦး

မန်းမော်တင်အောင်ရာပြည့်အမှတ်တရ



# မန်းမော်တင်အောင်

ပြင်ဥက္ကာနွေဦး

ISBN 9789997119469
BMT13
1,000.00KS

mgyoe.com

ပြင်ဦကြာနွေဦး၊ ဝန်းမော်တင်အောင်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၇၁ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဒီဇင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com



mgyoe.com

ပြင်ဥက္ကာခရီးသည်

(၁)

မိုးသည် မလင်းတစ်ဝက် လင်းတစ်ဝက်နှင့်…။

နှင်းများတဖွဲဖွဲ ကျဆင်းလျက်ရှိသော နံနက် ဝေလီဝေလင်း အချိန်တွင် ပြင်ဥက္ကာ အဆန်လော်ကယ်ရထားသည် နောက်ဆုံးဖြစ်သော နောင်ချိုဘူတာမှ ထွက်လာကတည်းက ထူထပ်သော ထင်းရှူးတောကြီး၏အကြားတွင် ဖောက်လုပ်ထားသော သံလမ်းပြိုင်အတိုင်း တအိအိ တိုးဝှေ့ခုတ်မောင်းလျက်ရှိလေသည်။ တောင်အတက်ဖြစ်သော ကြောင့် မီးရထားစက်ခေါင်းတွဲသည် ရှည်လျားလေးလံလှသော တွဲတန်းကြီးကို မချိမဆံ့နှင့် ရုန်းကန်သယ်ပိုး နေရသကဲ့သို့လည်း ရှိလေသည်။ တစ်ချက်တစ်ချက်တွင် မီးကုန်ရေကုန်ထိုး၍ ခုတ်မောင်း ခြင်းပြုရသော မီးရထားခေါင်းတွဲ၏ စက်သံကြောင့် ငိုက်မျဉ်းငြိမ် သက်နေသော ထင်းရှူးတောကြီး တစ်တောလုံးသည်ပင် လန့်နိုးသွား သကဲ့သို့ မှတ်ထင်ရလေသည်။ နံနက်ပင်ကောင်းစွာ မလင်းတတ် သေးသော်ငြားလည်း ပတ်ဝန်းကျင်နှင့်အတူ လန့်နိုးလာကြဟန်ရှိသော ငှက်ကလေးများနှင့် ရှဉ့်ကလေးများသည် ထင်းရှူးတောများအကြား

mgyoe.com

mgyoe.com



တွင် အသံပြုကာ ကြောက်လန့်တကြား ခုန်ပေါက်ပျံသန်းနေကြလေသည်။

တစ်ညလုံး အိပ်စက်ခြင်းပြု၍ ရဟာန်မရှိရသော ဦးဘတင့်သည် ငါးသုံးလုံး စီးကရက် သံဘူးအတွင်းမှ စီးကရက်တစ်လိပ်ကို ထုတ်ယူကာ လှပသော ဓာတ်မီးခြစ်ကလေးနှင့် မီးညှိလိုက်လေသည်။

mgyoe.com

mgyoe.com



သူသည်ဓာတ်မီးခြစ်မှ အဝတ်အချည်းစည်းနှင့် ဂျပန်မကလေး၏ ရုပ်ပုံကို အမှတ်တမဲ့ ကြည့်ရှုခြင်းပြုပြီးနောက် စောစောက နေရာတွင် ပြန်ချထားလိုက်လေသည်။ ထို့နောက် မီးညှိထားသော စီးကရက်ကို စိတ်မပါ့တပါနှင့် ဆက်၍ဖွာနေသည်။

အလှအပနှင့် အကောင်းအမွန်ကို တပ်မက်နှစ်ခြိုက်တတ်သူ တစ်ယောက် ဖြစ်သော်လည်း ဦးဘတင့်သည် ငါးသုံးလုံး စီးကရက်ကို တစ်ဝက်မျှ ကုန်အောင်မဖွာတော့ဘဲ မီးရထားကြမ်းပြင်ပေါ်သို့ လွှင့်ပစ်လိုက်လေသည်။ ထို့နောက် စီးကရက်တိုကို ဖိနပ်ဦးနှင့် နင်းခြေလေသည်။

မီးရထားကြမ်းပြင်ပေါ်တွင် ဦးဘတင့် တစ်ညလုံးလိုလို လွှင့်ပစ် နင်းခြေထားသော ငါးသုံးလုံးစီးကရက်အတိုအစများနှင့် ရှုပ်ပွ ပေကျံ လျက်ရှိလေသည်။ သို့ရာတွင် အထက်တန်းတွဲ၏ သီးသန့်အခန်း တစ်ခန်းလုံးတွင် သူတစ်ယောက်တည်းသာ ပါလာသောကြောင့် တော် ပေသေးသည်။ အားနာရမည့်သူမရှိချေ။

နှင်းရိုက်ထားသဖြင့် မှုန်ဝါးဝါးဖြစ်နေသော မှန်ပြတင်းတံခါးမှ အပြင်ဘက်သို့ ဦးဘတင့်သည် လှမ်း၍ကြည့်လိုက်ပြန်လေသည်။ သူသည် ထင်းရှူးတောကြီးများကိုပင် မမြင်ရချေ။ နှင်းဝေနေသော ကမ္ဘာကိုသာ မြင်နေရသည်။

မှန်ပြတင်းပေါက်မှ သူမြင်နေရသည့်အတိုင်းပင် ကမ္ဘာကြီး တစ်ခုလုံးသည် နှင်းဝေနေသလော။ ဦးဘတင့်သည် မျက်မှောင်ကုတ် ကာ ထိုအကြောင်းကို စဉ်းစားလျက်ရှိလေသည်။ သူသည် အတန် ကြာမျှ စဉ်းစားပြီးနောက် ပိတ်၍ထားသော မှန်ပြတင်းတံခါးကို ဗြုန်း ခနဲ ထ၍ ဖွင့်ကြည့်လိုက်လေသည်။

"အား..."

mgyoe.com

mgyoe.com


ဦးဘတင့်သည် အလန့်တကြားပင် အာမေဋိတ်လိုက်မိသည်။

ကမ္ဘာလေသည် မြူနှင်းများကို လုံးထွေးသယ်ဆောင်ကာ ဦးဘတင့်ဖွင့်လိုက်သော ရထားပြတင်းပေါက်မှ အတွင်းသို့ တရကြမ်း တိုးဝှေ့ဝင်လာသည်။

မြင့်မားလှသော ထင်းရှူးပင်ကြီးများသည် ပြင်ဥက္ကာလော်ကယ် ရထားနှင့်ပြိုင်၍ ပြေးလွှားနေကြလေသည်။ သို့ရာတွင် အဆန်သို့ ပြေးလိုက်နေခြင်းတော့ကား မဟုတ်ချေ။ စုန်၍ပြေးနေခြင်းမျှသာ ဖြစ်ကြလေသည်။

ကမ္ဘာအပြင်မှ တိုးဝှေ့ဝင်ရောက်နေသော အအေးဓာတ်ကိုပင် မေ့လျော့ကာ ဦးဘတင့်သည် ကလေးသူငယ်တစ်ယောက်လို စုန်၍ ပြေးလွှားနေကြသော ထင်းရှူးပင်များကို ငေးမောကြည့်ရှုနေလေ သည်။ သူသည် အဆန်ခရီးကို သွားရောက်ခြင်းပြုနေရသော ခရီးသည် တစ်ဦးပင် ဖြစ်နေငြားသော်လည်း စုန်၍ပြေးနေကြသော ထင်းရှူးပင် များနှင့်အတူ လိုက်ချင်စိတ်များ ပေါ်ပေါက်နေသလား မသိနိုင်ချေ။ လေးဆယ်ကျော်လွန်၍ ငါးဆယ်အနီးသို့ပင် ကပ်နေပြီဖြစ်သော်လည်း လူငယ်စိတ် မကုန်တတ်သေးသော ဦးဘတင့်ကဲ့သို့ လူတစ်ယောက်၏ အတွင်းစိတ်ကို ဝင်ကြည့်ဖို့ အလုပ်သည် လွယ်ကူလိမ့်မည် မဟုတ်ချေ။

ပြင်ဥက္ကာ အဆန်လော်ကယ်သည် နှင်းများထူထပ်စွာ ကျဆင်း နေသော ထင်းရှူးပင်တောများအကြားတွင် တအိအိ တိုးဝှေ့ခုတ်မောင်း လျက်ရှိလေသည်။ တစ်ချက်တစ်ချက်တွင် မီးကုန်ရေကုန်တင်ကာ ခုတ်မောင်းခြင်းပြုရသော မီးရထားခေါင်းတွဲ၏ စက်သံကြောင့် ထင်းရှူးတောကြီးတစ်တောလုံးသည် ပဲ့တင်သံ ဟည်း၍သွားလေ သည်။ ထိုသစ်တောကြီးကို ဘုံဗိမာန်ပြုကာ ခိုအောင်းနေထိုင်ခြင်း ပြုနေရသော ငှက်များနှင့် ရှဉ့်ကလေးများသည် ကမ္ဘာပျက်သကဲ့သို့

mgyoe.com

mgyoe.com


ဆူဆူညံညံအသံပြုကာ ကြောက်လန့်တကြား ခုန်ပေါက်ပျံသန်းကြလေသည်။

မိုးမှုကား မလင်းတစ်ဝက် လင်းတစ်ဝက်နှင့်။

(၂)

ပြင်ဥက္ကာလော်ကယ်သည် ထူထပ်သော ထင်းရှူးတောကြီးများအကြားတွင် ရုန်းကာကန်ကာနှင့် တိုးဖော့ဆန်တက်လျက်ရှိလေသည်။ သို့ရာတွင် ထင်းရှူးပင်များမှုကား ခုန်၍သာ ပြေးနေကြလေသည်။

ဦးဘတင့်သည် ကမ္ဘာအပြင်မှ တိုးဖော့ဝင်ရောက်လျက်ရှိသော အအေးဓာတ်ကိုပင် မေ့လျော့နေဟန်ရှိလေသည်။ သူသည် စုန်၍ပြေးနေသော ထင်းရှူးပင်များကို ငေးမောကြည့်ရှုနေလေသည်။ အဆန်ခရီးကို သွားနေရသော်ငြားလည်း အသက်အရွယ်ကြီးရင့်သော ထိုလူကြီးတစ်ယောက်သည် ထင်းရှူးပင်များနှင့်အတူ စုန်၍လိုက်ချင်သောစိတ်များ ပေါ်ပေါက်နေသလား မသိရရာ လေးဆယ်ကျော်လွန်၍ ငါးဆယ်အနီးသို့ပင် ကပ်နေပြီဖြစ်သော်လည်း လူငယ်စိတ် မကုန်စင်တတ်သေးသော ဦးဘတင့်ကဲ့သို့ လူတစ်ယောက်၏အတွင်းစိတ်ကို အဘယ်သူ ဝင်ကြည့်နိုင်သနည်း။

ငှက်ကလေးများသည် ထင်းရှူးပင်များ အကြားတွင် ပျံသန်းနေကြသည်။ တစ်ကောင်ကို တစ်ကောင်က အသံပြုလျက်ရှိကြသည်။ ရှဉ့်ကလေးများသည် ထင်းရှူးကိုင်းတစ်ကိုင်းမှ အခြားတစ်ကိုင်းသို့ ခုန်ကူးပြေးလွှားနေကြသည်။ တစ်ကောင်ကို တစ်ကောင်က အသံပြုလျက်ရှိကြသည်။

ဦးဘတင့်သည် ငှက်ကလေးများနှင့် ရှဉ့်ကလေးများ၏လှုပ်ရှားနေကြပုံတို့ကိုလည်း ကြည့်ရှုနေပုံထင်ရသည်။ သို့ရာတွင် ထိုသတ္တဝါ

mgyoe.com

mgyoe.com


ကလေးများသည် ကြောက်လန့်တကြားဖြစ်ကာ လှုပ်လှုပ်ရှားရှား ဖြစ်နေရသည့်အကြောင်းရင်းကိုကား သူသည် စဉ်းစားမိချင်မှ စဉ်းစားမိပေမည်။ သူသည် ငှက်ကလေးများနှင့် ရှဉ့်ကလေးများ၏ အသံဗလံတို့ကို သာယာသည်ဟု ထင်ချင်က ထင်နေလိမ့်မည်။ ခုန်ပေါက်ပျံသန်းနေကြသော ထိုသတ္တဝါကလေးများ၏ လှုပ်ရှားမှုတို့ကို လှပသည်ဟု ထင်ချင်က ထင်နေပေလိမ့်မည်။ လူတစ်ဦး တစ်ယောက်၏ အတွင်းစိတ်ဓာတ်နှင့် ခံစားမှုကို ဘယ်သူသိနိုင်သနည်း။

ဦးဘတင့်သည် အဆန်ခရီးသည် တစ်ယောက်ဖြစ်လေသည်။ သို့ရာတွင် သူသည် အစုန်ခရီးကိုသာ သက်သက်သာသာ လိုက်ပါချင်သကဲ့သို့ စုန်၍ပြေးနေသော ထင်းရှူးပင်များနှင့် သစ်တောများ၏ အကြား၌ ကြောက်လန့်တကြား ပျံသန်းခုန်ပေါက်နေကြသော သတ္တဝါကလေးများကို လှပသော အမြင်ဘက်မှ ငေးမောကြည့်ရှုနေရှာသည်။

တကယ်ဆိုတော့ လူ့ဘဝဆိုသည်မှာ တည်ငြိမ်ခြင်းမရှိသော ရေပြင်တွင် မိမိလိုရာခရီးကို သွားနေရသော လှေသမားနှင့် တူလေသည်။ တည်ငြိမ်ခြင်းမရှိသော ရေပြင်သည် စုန်သောအခါစုန်၍၊ ဆန်သောအခါ ဆန်တတ်လေသည်။ လှေသမားသည် ရေစုန်လိုက်သောအခါ လိုက်ရတတ်လေသည်။ ရေဆန်လိုက်သောအခါ လိုက်ရတတ်လေသည်။ တစ်သက်လုံး ရေဆန်လိုက်နေရသည်ဟူ၍ မရှိတတ်ချေ။ ထို့အတူ ရေစုန်ချည့်လိုက်နေရသည်ဟူ၍လည်း မရှိတတ်ချေ။

သို့ရာတွင် ဦးဘတင့်သည် ရေစုန်ကိုသာချည့် လိုက်ချင်သော လှေသမားနှင့်တူလေသည်။ ပင်ပန်းရသော ရေဆန်ခရီးကို သူသည် အတတ်နိုင်ဆုံး ရှောင်ကွင်းလေ့ရှိသည်။ ထွက်ပြေးလေ့ရှိသည်။ သူ၏ ကိုယ်ကို အလွန်တရာ သက်သာချောင်ချိအောင်လည်း နေတတ်ထိုင်တတ်သူ တစ်ယောက်ပင် ဖြစ်လေသည်။

mgyoe.com

mgyoe.com


တောင်အတက် ဖြစ်သောကြောင့် ပြင်ဥက္ကာလော်ကယ်သည် တအိအိခုတ်မောင်းကာ ဆန်တက်နေရလေသည်။ မီးရထားခေါင်းတွဲ စက်သံသည် ထင်းရှူးတောကြီးအတွင်း၌ ကြောက်မက်ဖွယ်ပင် မြည်ဟည်းလျက်ရှိလေသည်။

ငါးသုံးလုံးစီးကရက် သံဘူးကိုလှမ်းယူကာ ဦးဘတင့်သည် ကြွင်းကျန်နေသေးသော စီးကရက် လေးငါးလိပ်အနက် တစ်လိပ်ကို ထုတ်ယူလိုက်သည်။ မနေ့ညနေကမှ ဖောက်ရသော ငါးဆယ်ဝင် စီးကရက်ဘူးသည် တစ်ညတာမျှအတွင်း အလိပ်လေးဆယ်ကျော်မျှပင် ကုန်သွားလေပြီ။ စောစောက ပစ်ချထားသော ဓာတ်မီးခြစ်ကလေးကို လှမ်းယူလိုက်ပြီးနောက် ဦးဘတင့်သည် အဝတ်အချည်းစည်းနှင့် ဂျပန်မရုပ်ကလေးကို ထုံးစံအတိုင်း ကြည့်ရှု နေလိုက်ပြန်သေးသည်။ ထို့နောက် စီးကရက်ကို မီးညှိလေသည်။ ဓာတ်မီးခြစ်ကလေးကိုလည်း စားပွဲကလေးပေါ်သို့ ပြန်ချထားလိုက်လေသည်။

မီးညှိထားသော စီးကရက်ကိုပင် ဦးဘတင့်သည် မဖွာချင် ဖွာချင်နှင့် ဖွာနေသည်။ ဆေးလိပ်ကိုပင် သူသည် သောက်ချင်လှ၍ သောက်နေပုံမရချေ။ ပါးစပ်၏ ဣန္ဒြေကို ထိန်းသိမ်းခြင်းပြုရန် အတွက် အလုပ်ပေးနေခြင်း ဖြစ်ပုံရလေသည်။

စျေးကြီးပေးဝယ်ရသော နိုင်ငံခြားဖြစ် စီးကရက်ကို တစ်ဝက်မျှ မကုန်မီ သူသည် မီးရထားကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်ပြန်လေသည်။ ထို့နောက် စီးကရက် အတိုကို ဖိနပ်ဖြင့် နင်းခြေခြင်း ပြုလိုက်သည်။

ပြင်ဥက္ကာလော်ကယ်တွင် ခရီးသည်အများအပြားပင် လိုက်ပါလာကြလေသည်။ သို့ရာတွင် မီးရထားတစ်စင်းလုံးတွင် ငှင်းတစ်ယောက်တည်းပါလာသကဲ့သို့ ဦးဘတင့်သည် ထင်မှတ်နေသလားတော့ မပြောတတ်ချေ။ သူသည် စောစောကဖွင့်ထားသော မှန်ပြတင်း

mgyoe.com

mgyoe.com



တံခါးကို ဝုန်းခနဲ ထ၍ ပိတ်လိုက်လေသည်။

ထင်းရှူးတောကြီးတစ်တောလုံးပင် တစ်မုဟုတ်ချင်း ပျောက်ကွယ်၍ သွားလေသည်။ ထိုသစ်တောကြီးနှင့်အတူ ငှက်ကလေးများနှင့် ရှဉ့်ကလေးများသည်လည်း တစ်ပါတည်း ပျောက်ကွယ်သွားကြလေသည်။ မှန်ပြတင်းတံခါး အပြင်ဘက်တွင်မူကား ကမ္ဘာကြီးတစ်ခုလုံးသည် နှင်းတွေဝေလျက် ရှိလေသည်။

(၃)

ဦးဘတင့်သည် အိပ်ခုံထက်တွင် ပက်လက်လှန်လိုက်လေသည်။ တစ်ပါတည်းပင် ၎င်း၏လက်တစ်ဖက်သည်လည်း နဖူးပြင်ပေါ်သို့ ရောက်ရှိသွားလေသည်။

အထက်တန်းတွဲ၏ သီးသန့်အခန်းတစ်ခန်းအတွင်း၌ တစ်ယောက်တည်းသော ပြင်ဥက္ကာခရီးသည်အဖြစ်ဖြင့် လိုက်ပါလာသော ဦးဘတင့်သည် နဖူးပေါ်သို့ လက်များပင်တင်ကာ မည်သည့်အကြောင်းကိစ္စကိုများ စဉ်းစားနေရသနည်း။

ဦးဘတင့်သည် ဂုဏ်အသရေရှိ လူကြီးလူကောင်းတစ်ဦးနှင့် လူချမ်းသာတစ်ယောက်ပင် ဖြစ်လေသည်။ မြန်မာနိုင်ငံ ကုန်သည်ကြီးအသင်းနှင့် ဆန်စက်ပိုင်ရှင်များအသင်းတွင် ထင်ရှားသော အမှုဆောင်လူကြီးတစ်ဦးလည်း ဖြစ်လေသည်။ ရန်ကုန်မြင်းပွဲ အသင်းကြီးနှင့် ပြည်ထောင်စုကလပ်တို့တွင်လည်း လူသိများလှသော မင်းဘား လူကြီးတစ်ဦးဖြစ်သည်။ ရန်ကုန်မြို့ရှိ လူချမ်းသာကြေးရတတ်များ၊ ပညာတတ် လူကြီးလူကောင်းများနှင့် နိုင်ငံရေးတန်ခိုးအာဏာ ရရှိထားသော နိုင်ငံရေးသမားများ၏ အသိုက်အဝန်းများနှင့် ပတ်ဝန်းကျင်တွင် ဦးဘတင့် ကဲ့သို့သော လူတစ်ယောက်ကို မသိသူ မခင်သူ ခပ်ရှားရှား

mgyoe.com

mgyoe.com


ဖြစ်လေသည်။

ဦးဘတင့်၌ ရန်ကုန်–ပြည် မီးရထားလမ်းဘက်တွင် ဆန်စက်ကြီးနှစ်လုံးရှိသည်။ ရန်ကုန်မြို့၌ ကုန်မာ ခြောက်မျိုး တင်သွင်းခွင့်ရရှိထားသော သွင်းကုန်ဆိုင်ရာ ကုမ္ပဏီလီမိတက်ကြီးတစ်ခုလည်းရှိသည်။ အင်းလျားမြိုင်ဘက်တွင် ကျယ်ဝန်းသော ခြံဝင်းနှင့် တိုက်တစ်လုံးလည်း ဆောက်လုပ်ထားသည်။ သူစီးသော မာစီးဒီးမော်တော်ကားအပြင် အိမ်သားများ သုံးဖို့အတွက် လင်းရိဗာ တစ်စီးသတ်သတ်ထားရှိနိုင်သူဖြစ်သည်။

ဦးဘတင့်ကား နောက်ပိုင်းလုံခြုံသူ တစ်ဦးတစ်ယောက်ဖြစ်သည်ဟု ဆိုရပေသည်။ သူ၏အတွက် ဘာဆိုဘာမျှ ပူပန်စရာ မရှိချေ။ သူ၏စားဝတ်နေထိုင်မှုဘဝသည် ခိုင်ခံ့လုံခြုံလျက်ရှိလေသည်။ တစ်နှစ်တစ်နှစ်လျှင် အမြတ်တော်ကြေးနှင့် အခြားလျှုစရိတ်၊ တန်းစရိတ်များကို နုတ်ပြီးသား ဝင်ငွေတစ်သိန်းခွဲသာသာ နှစ်သိန်းခန့်ပင်ရရှိနေသူတစ်ဦး ဖြစ်လေသည်။

သို့ရာတွင် ပြင်ဥက္ကာ လော်ကယ်ရထားပေါ်တွင် ခရီးသည်အဖြစ်ဖြင့် လိုက်ပါလျက်ရှိသော ထိုပုဂ္ဂိုလ်ကြီးသည် မငြိမ်မသက်ဖြစ်နေသည်။ နဖူးပေါ်သို့ လက်တင်နေရပေသည်။ အိပ်စက်ခြင်းပြုမရသော တစ်ညတာမျှအတွင်း ငါးဆယ်ဝင် စီးကရက်တစ်ဘူးခန့်မျှကိုပင် ဖွာပစ်လိုက်ရသော ဘဝအခြေသို့ ဆိုက်နေလေသည်။

ဦးဘတင့်၌ အဘယ်ကဲ့သို့သော သောကရှိနေသနည်း။ သူသည်သူ၏သောကကို စဉ်းစားလျက် ရှိနေပုံပင် ရလေသည်။ ထိုသောကကပင်လျှင် သူ့ကို မငြိမ်မသက်ဖြစ်အောင် ထိုးဆွနေပုံလည်း ရလေသည်။

အသက်ငါးဆယ်အနီးသို့ ကပ်နေပြီဖြစ်သော ဦးဘတင့်သည်သောကအမျိုးမျိုးကို တွေ့ကြုံခဲ့ရဖူးလေသည်။ ငွေရေးကြေးရေးကိစ္စ၊

mgyoe.com

mgyoe.com



အိမ်ထောင်ရေးနှင့် သားရေးသမီးရေးကိစ္စ၊ ပေါင်းသင်းဆက်ဆံရေးကိစ္စများနှင့် တစ်မျိုးမဟုတ်လျှင် တစ်မျိုးသော သောကများကို သူသည် တွေ့ကြုံခဲ့ရဖူးလေသည်။ သို့ရာတွင် ဦးဘတင့်သည် မည်ကဲ့သို့သော သောကများနှင့် တွေ့ကြုံရ တွေ့ကြုံရ သူ၏ကိုယ်ကို ကြာရှည်လေးမြင့် သောကအရောက်မခံတတ်ချေ။ ကပ်ငြိလာသော သောကမှန်သမျှကို ချက်ချင်းဆိုသလို ထုတ်ပယ်ပစ်လိုက်တတ်လေသည်။ ထိုကဲ့သို့ ထုတ်ပယ်ပစ်လိုက်နိုင်သော စွမ်းပကားနှင့် အရည်အချင်းလည်း ရှိသူတစ်ဦး ဖြစ်လေသည်။ တစ်ခါက သူ၏ သမီးပျိုတစ်ယောက်သည် သူအလွန်တရာ မနှစ်ခြိုက်သော သူငယ်တစ်ယောက်နှင့် သူ့ကိုပင် အကြောင်းမကြားဘဲ တရားရုံးတွင် လက်ထပ်ခဲ့ဖူးသည်။ သူသည် တော်တော်ကလေး စိတ်မကောင်းဖြစ်ကာ သောကဖြစ်ခဲ့ရဖူးသည်။ သို့ရာတွင် ဦးဘတင့်သည် ထိုသမီးလုပ်သူကို သေခန်းဖြတ်ကာ သူ၏ သောကကို သူ၏ကိုယ်ခန္ဓာအတွင်းမှ တစ်ခါတည်း ထုတ်ပယ်ပစ်လိုက်ဖူးလေသည်။

သို့ရာတွင် ဦးဘတင့်သည် ယခုအသက်အရွယ်ကျကာမှပင် ၎င်းကို ညှဉ်းပန်းနှိပ်စက်နေသော သောကကို မနိုင်မနင်း နပန်းလုံးနေရပုံပေါ်လေသည်။ ထိုသောကကို သူ၏ခန္ဓာကိုယ်အတွင်းမှ အပြင်အပသို့ မထုတ်ပယ်နိုင်လောက်အောင် မောဟိုက် လှိုက်ဖိုနေပုံကလည်း ရလေသည်။

ဦးဘတင့်သည် အိပ်ခုံထက်တွင် ပက်လက်လှန်နေရာမှ ဝုန်းခနဲထ၍ထိုင်လိုက်ပြန်လေသည်။ သူသည် ဦးခေါင်းကို ကုတ်ဖွလေသည်။ သက်ပြင်းကိုလည်း ချလေသည်။

ပြင်ဉက္ကာ လော်ကယ်သည် ပင်လယ်ရေပြင်အထက် ပေငါးထောင်ကျော်သော တောင်စခန်းမြို့သို့ တအိအိတက်နေသည်။

mgyoe.com

mgyoe.com



အဆန်ခရီးလည်း ဖြစ်လေသည်။

ဦးဘတင့်သည် စီးကရက်ဘူးကို လှမ်းယူကာ စီးကရက်တစ်လိပ်ကို ထုတ်ယူလေသည်။ ဓာတ်မီးခြစ်ကလေးကို တစ်ချက်မျှကြည့်ရှုလိုက်ပြီးနောက် စီးကရက်ကို မီးညှိပြန်လေသည်။ စီးကရက်ကို ဖွာရင်း သူသည် မှန်ပြတင်းပေါက်မှ အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။

(၄)

တစ်ကမ္ဘာလုံးပင် နှင်းတွေဝေလျက်ရှိလေသည်။

ဦးဘတင့်သည် နှင်းဝေနေသော ကမ္ဘာကို မှန်ပြတင်းတံခါးမှ လှမ်းကြည့်ရင်း လက်ထဲမှ စီးကရက်တိုကို မီးရထား ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်သည်။ ထို့နောက် စီးကရက်အတိုကို ဖိနပ်ဦးဖြင့် နင်းခြေလိုက်သည်။

ထိုသောကကို သူသည် မနှိမ်နင်းနိုင်ချေ။ သောကက သူ့ကို အပေါ်စီးယူထားလေသည်။ ဖိစီးထားလေသည်။ သူသည် သူ၏ အပေါ်၌ အနိုင်ယူ ဖိစီးခြင်းပြုနိုင်သော ဤကဲ့သို့ သောကမျိုးကို ယခု အသက်အရွယ်အထိ တစ်ကြိမ်တစ်ခါမျှ မကြုံတွေ့ခဲ့ရဖူးချေ။ ဤအကြိမ်သည် ပထမဦးဆုံးအကြိမ်ပင် ဖြစ်လေသည်။ ထို့အတူ နောက်ဆုံးအကြိမ်လည်း ဖြစ်ပါစေတော့ဟူ၍ သူသည်ဆုတောင်းခြင်း ပြုလေသည်။ သို့ရာတွင် ထိုသောကသည် အခြား မည်သူတစ်ဦးတစ်ယောက်ကမျှ ဖန်တီးသော သောကမျှလည်း မဟုတ်ချေ။ ၎င်းဖာသာ၎င်းဆတ်ဆော့ ရှာဖွေခြင်း ပြုခဲ့သော သောကသာလျှင် ဖြစ်လေသည်။ ဘယ်သူမပြု မိမိမှုဆိုသော စကားရှိသည့်အတိုင်း ၎င်းပြုသောအမှုအတွက် ဦးဘတင့်သည် ခံနိုင်ရည်ရှိရပေမည်။ မိမိပြုသော

mgyoe.com

mgyoe.com



အမှုအတွက် မိမိကမှမခံလျှင် အဘယ်သူက ကြားဝင်၍ ခံပေးမည်နည်း။

ပိတ်ထားသော မှန်ပြတင်းပေါက်တံခါးကို ဦးဘတင့်သည် ဖြုန်းခနဲ ထ၍ ဖွင့်လိုက်ပြန်လေသည်။ ကမ္ဘာလေသည် နှင်းများနှင့် လုံးထွေးကာ ရထားတွဲအတွင်းသို့ တရကြမ်း ခုန်ပေါက်ဝင်လာသည်။

"အား..."

ဦးဘတင့်သည် အလန့်တကြား အာမေဍိတ်ပြုလိုက်လေသည်။ သို့ရာတွင် တစ်ကြိမ်မဟုတ်၊ နှစ်ကြိမ်မျှပင် ရှိသွားလေပြီ။

မြင့်မားလှသော ထင်းရှူးပင်ကြီးများသည် ပြင်ဥက္ကာ လော်ကယ်ရထားနှင့်ပြိုင်၍ ပြေးလွှားလျက်ရှိနေကြလေသည်။ သို့ရာတွင် အဆန်သို့ ပြေးလိုက်နေခြင်းတော့ကား မဟုတ်ချေ။ စုန်၍ပြေးနေခြင်းမျှသာ ဖြစ်လေသည်။

ကမ္ဘာအပြင်မှ တိုးဝှေ့ဝင်ရောက်နေသော အအေးဓာတ်ကိုပင် မေ့လျော့ကာ ဦးဘတင့်သည် ကလေးသူငယ်တစ်ယောက်လို စုန်၍ ပြေးဆင်းနေကြသော ထင်းရှူးပင်များကို ငေးမောကြည့်ရှုနေလေသည်။ သူသည် အဆန်ခရီးကို သွားရောက်ခြင်း ပြုနေရသော ပြင်ဥက္ကာ ခရီးသည် တစ်ဦးမျှသာ ဖြစ်လေသည်။ သို့ရာတွင် ရေစုန်ကို သက်သာခို၍ လိုက်ချင်တတ်သော လူတို့၏ဗီဇအတိုင်း စုန်၍ပြေးနေကြသော ထင်းရှူးပင်များနှင့် သူဌေးဦးဘတင့်သည် အတူလိုက်ချင်စိတ်များ ပေါ်ပေါက်နေသလား မသိနိုင်ချေ။

ပြင်ဥက္ကာ အဆန်လော်ကယ်ရထားကို သူသည် စီးနင်းလိုက်ပါခဲ့ရပေါင်းလည်း များလှပေပြီ။ ယခုကဲ့သို့ နောင်ချိုနှင့် ပြင်ဥက္ကာ အကြားရှိ ထင်းရှူးတောကြီးကို အစုန်အဆန် ဖြတ်သန်းခြင်းပြုခဲ့ရသည့် အကြိမ်ပေါင်းကိုလည်း မရေတွက်နိုင်တော့ချေ။ နှစ်စဉ်နှစ်တိုင်း

mgyoe.com

mgyoe.com


လိုလို နွေဦးပေါက်လာသောအခါ ဦးဘတင့်သည် ပြင်ဦးလွင်သို့ ခရီးထွက်လေ့ရှိသူတစ်ဦး ဖြစ်လေသည်။ ပြင်ဦးလွင်၌ သူ၏စီးပွားရေးနှင့် သက်ဆိုင်သော လုပ်ငန်းဆို၍ ဘာတစ်ခုမျှပင်မရှိချေ။ သူ၏ ဆန်စက်များနှင့် သွင်းကုန်လုပ်ငန်းများ အားလုံးသည် ရန်ကုန်မြို့ အနီးအနားတစ်ဝိုက်၌သာ ရှိလေသည်။ သို့ရာတွင် သစ်ရွက်များ ညိုးခြောက်၍ ဥသြငှက်တွန်မြည်သံကို စ၍ကြားရလျှင်ပင် သူသည် ပြင်ဦးလွင်သို့ ခရီးထွက်ရန် အရေးတကြီး ပြင်ဆင်တတ်လေသည်။ ပြင်ဦးလွင်သို့ နွေရာသီ အပန်းဖြေခရီး ထွက်ရာ၌ ဦးဘတင့်သည် ၎င်း၏ဇနီး ဒေါ်တင်တင်မြကိုပင် မခေါ်ချေ။ ၎င်းဘာသာတစ်ယောက်တည်း ထွက်လေ့ရှိသည်။ ထိုသို့ တစ်ယောက်တည်း ထွက်ပါမှ လွတ်လွတ်လပ်လပ်နှင့် အေးအေးဆေးဆေး အပန်းဖြေနိုင်လိမ့်မည် မဟုတ်ပါလော။

ဥစ္စာပစ္စည်းပြည့်စုံသော လူချမ်းသာ တစ်ဦးပီပီ ယင်းသို့ နွေရာသီ အပန်းဖြေ ခရီးထွက်လေ့ရှိရာမှ နွေရာသီအပန်းဖြေရန် အတွက် အလွန်တရာ နေရာထိုင်ခင်း ကောင်းလှပါသည်၊ သာယာလှပါသည်ဆိုသော ပြင်ဦးလွင် တောင်စခန်းမြို့ကလေးသို့ ဦးဘတင့်သည် ခြေဦးလှည့်ခဲ့ခြင်း ဖြစ်လေသည်။ ထိုသို့ ပြင်ဦးလွင်သို့ နွေရာသီ အပန်းဖြေရန်အတွက် ခရီးထွက်ရာမှ ဦးဘတင့်သည် မအေးနိုင်၊ မငြိမ်းနိုင်လောက်အောင် တဟုန်းဟုန်းတောက် လောင်နေသော သောကမီးကို စတင်၍ မွေးခဲ့မိခြင်းပင် ဖြစ်လေသည်။ ပထမဦးဆုံး အကြိမ် ပြင်ဦးလွင်သို့ နွေရာသီအပန်းဖြေရန်အတွက် ခရီးထွက်လာခဲ့စဉ်က ဤကဲ့သို့သော သောကမီးနှင့် တွေ့ကြုံခြင်း ပြုရလိမ့်မည်ဟု ဦးဘတင့်သည် အနည်းငယ်မျှ ထင်လည်း မထင် ထားခဲ့ချေ။ အကယ်၍ တွေ့ကြုံခြင်း ပြုခဲ့ရလျှင်လည်း ထိုကဲ့သို့သော မီးကို အလွယ်တကူ

mgyoe.com

mgyoe.com



နှင့် ငြိမ်းသတ်နိုင်လိမ့်မည်ဟု သူသည် မခိုးမခန့် တွက်ချက် အောက်မေ့ထားခဲ့ပုံရလေသည်။ သို့ရာတွင် အသက်အရွယ် အိုမင်းကာမှ ဦးဘတင့် တစ်ယောက်သည် အတွက်မှားခဲ့ရှာလေသည်တကား။

*

## အပန်းဖြေနွေရိပ်သာ

(၁)

ပြင်ဦးလွင်သည် ပင်လယ်ရေမျက်နှာပြင် အထက် ပေ ၅၀၀၀ ခန့်တွင် တည်ထားသော နွေရာသီ တောင်စခန်းမြို့ကလေး တစ်မြို့ဖြစ်လေသည်။ မူလက ပြင်ဦးလွင်သည် ရှမ်းတောင်သူအမျိုးသားများ ဥယျာဉ်စိုက်ပျိုးလုပ်ကိုင်ကာ စားသောက်နေထိုင်ခြင်း ပြုခဲ့ကြသော ကျေးရွာကလေးတစ်ရွာမျှသာ ဖြစ်လေသည်။ သို့ရာတွင် အင်္ဂလိပ်များ ဤတိုင်းပြည်အား နှစ်ပေါင်းတစ်ရာကျော်ကျော်မျှ ကျွန်ပြုအုပ်စိုးသွားခဲ့ကြသည့် အချိန်ကာလအတွင်း ပြင်ဦးလွင်သည် ဥယျာဉ်လုပ်ကိုင်သော ရွာကလေးတစ်ရွာမှ ယခုကဲ့သို့ နွေရာသီ အပန်းဖြေသော တောင်စခန်းမြို့ကလေးတစ်မြို့အဖြစ်သို့ တစ်စထက်တစ်စ ပြောင်းလွဲလာခြင်း ဖြစ်လေသည်။

မြန်မာနိုင်ငံအား ကျွန်ပြုအုပ်စိုးခဲ့ကြသော နှစ်ပေါင်းတစ်ရာကျော်ခန့်အတွင်း အင်္ဂလိပ် အမှုထမ်းအရာထမ်းများနှင့် အထွေထွေ ကုမ္ပဏီလုပ်ငန်းများမှ လုပ်ငန်းရှင်များသည် နှစ်စဉ်နှစ်တိုင်း ဘိလပ်သို့ ပြန်၍ အနားမယူနိုင်ကြချေ။ စရိတ်က ကြီးမားလှသည့်အပြင် အချိန်ကလည်း မရနိုင်ကြချေ။ ထို့ကြောင့်ဘိလပ်၏ ရာသီဥတုနှင့် နီးစပ်တူညီသော အရပ်ဒေသကို မြန်မာနိုင်ငံ၌ ရှာဖွေကြရင်း ပြင်ဦးလွင်ကို တွေ့ရှိခဲ့ကြခြင်း ဖြစ်လေသည်။

mgyoe.com

mgyoe.com


ပူပြင်းသွေ့ခြောက်ခြင်းရှိလှသော နွေရာသီတွင် ပြင်ဦးလွင်သည် ပင်လယ်ရေမျက်နှာပြင် အထက် ပေငါးထောင်ခန့်တွင်ရှိသောကြောင့် အေးမြခြင်းရှိလေသည်။ ရန်ကုန်၊ ချောက်နှင့် မန္တလေး စသော မြို့ကြီးများတွင် အပူချိန် ၁၀၀ နှင့် ၁၁၀ အမှတ်အသားများကို ကျော်လွန်လျက်ရှိစဉ် ပြင်ဦးလွင်၏ အပူချိန်တိုင်း ပြဒါးတိုင်သည် ရှစ်ဆယ် ပတ်ဝန်းကျင်လောက်ကိုသာ ပြသလေသည်။

ပြင်ဦးလွင်ပတ်ဝန်းကျင်၌ ပေါက်ရောက်နေသော သစ်တောများသည်လည်း မုတ်သုံတောများ မဟုတ်ကြချေ။ ဆယ့်နှစ်ရာသီတောများ ဖြစ်ကြလေသည်။ ထို့ကြောင့် နွေရာသီလယ်၌လည်း သစ်တောများသည် ရွက်ဟောင်းကြွေလဲခြင်းမရှိကြချေ။ စိမ်းစို၍သာနေလေသည်။

ပြင်ဦးလွင်ကို နွေရာသီတောင်စခန်းမြို့ကလေး အဖြစ်ဖြင့် ပြုစုပျိုးထောင်ခြင်း မပြုမီက ရှမ်းတောင်သူ အမျိုးသားများသည် ဥယျာဉ်လုပ်ငန်းကို လုပ်ကိုင်ကြလေသည်။ အာလူး၊ လိမ္မော်၊ သစ်တော်၊ မက်မန်း၊ ပန်းအမျိုးမျိုးနှင့် နာနတ်များကို စိုက်ပျိုးထုတ်လုပ်ကြလေသည်။ ထို့နောက်အင်္ဂလိပ်တို့၏ နယ်ခြားစောင့်တပ်မှ နှစ်စေ့၍ပင်စင်ယူကာ မြန်မာနိုင်ငံတွင် အခြေချနေထိုင်ကြသော ဂေါ်ရခါးစစ်သားအများအပြားပင် ပြင်ဦးလွင်တွင် နေထိုင်ခြင်းပြုကြလေသည်။ ထိုပင်စင်စားများသည် အလကားသက်သက်မနေကြဘဲ ကြက်များ၊ နွားများကို မွေးမြူကြကုန်လေသည်။ ယင်းသို့ဖြင့် ပြင်ဦးလွင်သည် ရာသီဥတုအားဖြင့် သာယာကောင်းမွန်ရုံမျှ မဟုတ်သေး။ ဟင်းသီးဟင်းရွက်များ၊ နွားနို့များ၊ ကြက်သား၊ ကြက်ဥများပါ လတ်ဆတ်ကောင်းမွန်သော လူ့ရိပ်မြုံကလေးတစ်ခု ဖြစ်လာလေသည်။

ထိုသို့ နေခင်းထိုင်ခင်းကောင်းမွန်သော သာယာသော ပြင်ဦးလွင်

mgyoe.com

mgyoe.com


ကို အင်္ဂလိပ်များက နွေရာသီအတွက် အပန်းဖြေရန် တောင်စခန်းမြို့ကလေးအဖြစ်ဖြင့် နယ်သစ်ပယ်သစ် တိုးချဲ့ထူထောင်ခဲ့ကြခြင်းပင်ဖြစ်လေသည်။ မြန်မာနိုင်ငံ၏ ကိုလိုနီအုပ်ချုပ်ရေးကို ကြိုးကိုင်လျက်ရှိကြသော အင်္ဂလိပ်အတွင်းဝန်များ၊ တိုင်းမင်းကြီးများနှင့် အရေးပိုင်များက ဤတိုင်းပြည်၏အခွန်ဘဏ္ဍာတော်ငွေများဖြင့် နွေရာသီတွင် ၎င်းတို့ အပန်းဖြေရန်အတွက် ပြင်ဦးလွင်ကို စည်ပင်သာယာလာအောင် တိုးချဲ့မွမ်းမံကြလေသည်။ ထိုတိုးချဲ့မှုကို အခွင့်ကောင်းယူကာ မြန်မာနိုင်ငံရှိ အင်္ဂလိပ်ကုမ္ပဏီကြီးငယ်များမှ လုပ်ငန်းပိုင်ရှင် ကြီးများက လည်း ရိပ်သာများကို ဆောက်လုပ်ကြလေသည်။ ကလပ်များ၊ ဂေါက်သီး ကွင်းများ၊ ရုပ်ရှင်ရုံများနှင့် ရေကူးကန်များကို ပြုလုပ်ကြသည်။

အင်္ဂလိပ်များ မြန်မာနိုင်ငံကို စတင်သိမ်းပိုက်ခါစက အိမ်ခြေလေးငါးဆယ်ခန့်မျှရှိသော ပြင်ဦးလွင်သည် လွတ်လပ်ရေး ကြေညာလိုက်သောအချိန်တွင် ငါးထောင်ကျော်ကျော်မျှရှိသော နွေရာသီတောင်စခန်းမြို့ကလေး တစ်မြို့ဖြစ်နေလေပြီ။ သို့ရာတွင် ပြင်ဦးလွင်ကို မူလတည်ထောင်သော ရှမ်းတောင်သူ အမျိုးသားများကိုမူကား မြို့အတွင်း၌ မတွေ့ရတော့ချေ။ မြို့၏ဆင်ခြေဖုံးနှင့် မြို့ပြင်များ၌သာ နေထိုင်လျက် ရှိကြတော့သည်။ ထို့အတူ ရှမ်းတောင်သူအမျိုးသားများနောက်ပိုင်း၌ ပြင်ဦးလွင်ကို တိုးချဲ့ထူထောင်ခြင်း ပြုလာခဲ့ကြသော ဂေါ်ရခါး အမျိုးသားများကိုလည်း မြို့တွင်း၌ မတွေ့ကြရတော့ချေ။ မြို့၏အပြင်ဘက်၌သာ ကြက်မွေး၊ နွားမွေးသော လုပ်ငန်းကလေးများဖြင့် နေထိုင်လျက်ရှိကြသည်ကိုသာ တွေ့မြင်ရလေသည်။

အင်္ဂလိပ်များ အထုပ်အပိုးများနှင့် မြန်မာနိုင်ငံမှ ထွက်ခွာသွားကြသောအခါ ပြင်ဦးလွင်ရှိ ၎င်းတို့နှင့် မြန်မာနိုင်ငံပေါက် အမျိုးသမီးများနှင့် စပ်ကျ၍ ကျန်ရစ်ခဲ့သော ကပြားများဖြင့်သာ ပြည့်ကျပ်လျက်

mgyoe.com

mgyoe.com


ရှိလေသည်။ သို့ရာတွင် ပြင်ဦးလွင်ရှိ ဂေါက်သီးကွင်းများ၊ ကလပ်များ၊ ရုပ်ရှင်ရုံများနှင့် ရေကူးကန်များသည် ယခင်ကကဲ့သို့ စည်ကားစိုပြည်ခြင်း မရှိတော့ချေ။ တစ်စထက်တစ်စ သွေ့ခြောက်စ ပြုလာသည်။ ယခင်က အဖိုးထိုက်အဖိုးတန် မော်တော်ကားများဖြင့် ရှုပ်ထွေးဆူညံနေသော မြို့လယ် လမ်းမကြီးများ၌လည်း ဂျစ်ကား တစ်ပတ်နွမ်းကလေးများနှင့် မြင်းလှည်းကလေးများလောက်ကိုသာ တွေ့ရမြင်ရလေတော့သည်။ ဈေးများသည်လည်း ယခင်ကကဲ့သို့ မစည်ကားတော့ချေ။ ယခင်က အဝင်အထွက်များပြားသော ပြင်ဦးလွင်မီးရထား ဘူတာရုံသည်ပင် ခြောက်ကပ်ကပ် ဖြစ်လာသည်။

မူလက ထွက်ကုန်လုပ်ငန်းနှင့် ထွက်ကုန်ပစ္စည်းများ ဘာမျှ မရှိဘဲ နွေရာသီ အပန်းဖြေ လာရောက်နေထိုင်ကြသူများ၏ အသုံးစရိတ်ဖြင့် စည်ကား စိုပြည်နေခဲ့သော ပြင်ဦးလွင်သည် ယင်းသို့ အင်္ဂလိပ်များ ထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက် ခြောက်ကပ်ကပ် ဖြစ်လာခြင်းမျှသာ ဖြစ်လေသည်။

(၂)

သို့ရာတွင် ကြာကြာတော့မဟုတ်ချေ။ "တစ်နှစ်အတွင်း ငြိမ်းချမ်းရေးရရမည်" ဆိုသော အုပ်ချုပ်ရေးကြွေးကြော်သံကို တိုင်းပြည်၌ ပေါ်ထွက်လာပြီးသည့်နောက်ပိုင်းတွင် အင်္ဂလိပ်များ ပစ်သွားသဖြင့် ခြောက်ကပ်ကပ်နှင့် သိမ်ငယ်ငယ်ဖြစ်နေခဲ့ရသော ပြင်ဦးလွင်မြို့ကလေးသည် တစ်စထက်တစ်စ အသက်ဝင်ကာ ပြန်လည်စည်ကားလာလေသည်။ သာယာစိုပြည်လာလေသည်။ အထူးသဖြင့် "ပြည်တော်သာရမည်" ဆိုသော ကြွေးကြော်သံ ထွက်ပေါ်လာပြီးသည့်နောက်ပိုင်းတွင်ကား ယခင် အင်္ဂလိပ်များလက်ထက်က ထက်ပင်

mgyoe.com

mgyoe.com


ပြင်ဥက္ကာသည် စည်ကားလှုပ်ရှားလာလေသည်။ အမေရိကန်ပြည်မှ ခက်ခဲရှားပါးလှသော နိုင်ငံခြားဒေါ်လာငွေများဖြင့် မှာယူတင်သွင်းရသော သောင်းကျော်တန် မှန်ကားကြီးငယ်များသည် မြို့လယ်လမ်းမကြီးများတွင် ရှုပ်ယှက်ခတ်များပေသည်။ အထက်တန်းစား ဟိုတယ်ကြီးများနှင့် ရိပ်သာများသည်လည်း မှိုလိုပေါက်လာကြလေသည်။ ရုပ်ရှင်ရုံများ၊ ရေကူးကန်များ၊ ကလပ်များနှင့် ဂေါက်သီးကွင်းများသည်လည်း တိုးချဲ့လာရလေသည်။ အဘယ့်ကြောင့်ဆိုသော် အင်္ဂလိပ်နေရာသို့ ကိုယ်စားဝင်သော ပြည်တော်သာ အရာရှိကြီးငယ်များနှင့် ပြည်တော်သာသူဌေးသူကြွယ်များသည် နွေရာသီပေါက်လာသောအခါတိုင်း တစ်လကိုးသီတင်းကြာမျှ လာရောက်အပန်းဖြေ နေထိုင်လေ့ရှိကြသောကြောင့် ဖြစ်လေသည်။ လေညင်းခံကာ စည်းစိမ်ယူကြသောကြောင့်လည်း ဖြစ်လေသည်။

ယင်းသို့ နွေရာသီ ပေါက်လာသောအခါတိုင်း ပြင်ဥက္ကာသို့ လေညင်းခံရန်အတွက် အပန်းဖြေ လာရောက်နေထိုင်ကြသူများသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာလေသည်။ ဟိုတယ်များနှင့် အပန်းဖြေရိပ်သာများကို တရုတ်နှင့်ကုလားသူဌေးများက သူ့ထက်ငါ အပြိုင်အဆိုင်နှင့် အလုအယက် ဆောက်လုပ်ခြင်း ပြုနေကြသည့်အကြားမှပင် အပန်းဖြေလာရောက်ကြသော သူများကို လက်ခံခြင်း မပြုနိုင်လောက်အောင် နေရာထိုင်ခင်း အခက်အခဲ တွေ့နေရသည်။ ပြင်ဥက္ကာသို့ အဆက်အသွယ်မရှိဘဲ လာရောက်ခြင်း ပြုသူများသည် နေရာထိုင်ခင်း မရရှိနိုင်သဖြင့် မြို့ဆင်ခြေဖုံးမှ ငှားရမ်းရသောအိမ်များ၌ပင် အဆမတန်သော အိမ်လခများကိုပေးကာ နေထိုင်ခြင်းပြုကြရသည်အထိ ဖြစ်လေသည်။

mgyoe.com

mgyoe.com


ယင်းသို့ နွေရာသီ၌ အပန်းဖြေလေညင်းခံရန်နှင့် စည်းစိမ်ယူရန် လာရောက်နေထိုင်ကြသူများ တိုးတက်များပြားသည်ထက် များပြားလာသောအခါ ထိုသို့စည်းစိမ်ယူကြသော လူချမ်းသာကြေးရတတ်များထံမှ စည်းစိမ်ကြေးရှာဖွေရေး အလုပ်လုပ်သူများသည်လည်း တိုးတက်များပြားလာရပေသည်။ အချို့သော အလုပ်သမားများသည် ရပ်ဝေးမှပင် ထိုအလုပ်ကို လုပ်ကိုင်ရန်အတွက် နွေရာသီမပေါက်မီကပင် လာရောက်ကြို့ဆိုရင်း စောင့်ဆိုင်းနေထိုင်ခြင်း ပြုကြလေသည်။ ၎င်းတို့နှင့်သက်ဆိုင်ရာ အဆက်အသွယ်များနှင့် အလုပ်လုပ်ကိုင်ကြလေသည်။ သို့ရာတွင် ယင်းအလုပ်သမားများ၏ လုပ်ငန်းသက်သည် တပေါင်းနှင့်တန်ခူး နှစ်လခန့်မျှသာရှိပေသည်။ ထိုနှစ်လမျှသော နွေရာသီအပန်းဖြေချိန်အတွင်း ချောမောလှပ၍ လူကြိုက်နှင့်လူသုံးများသော အလုပ်သမားများသည် ဝင်ငွေ နှစ်ထောင်နှင့် သုံးထောင်ခန့်မျှအထိ ရရှိကြသည်ဟုလည်း ပြောကြဆိုကြလေသည်။ မြန်မာနိုင်ငံ၌ နှစ်လမျှသော အချိန်ပိုင်းအတွင်း နှစ်ထောင်မှ သုံးထောင်အထိ ဝင်ငွေရရှိနိုင်ကြသူများသည် ပြန်တမ်းဝင် အထက်တန်း အရာရှိကြီးများသာ ဖြစ်ကြလေသည်။ သို့ရာတွင် ပြင်ဉက္ကာမှ နွေရာသီအပန်းဖြေနှင့် ပျော်တော်ဆက် ထိုအလုပ်သမားများတွင် ဝင်ငွေကောင်းမွန်သူများသည် ထိုအရာရှိကြီးများ၏ဝင်ငွေနှင့် ပိန်မသာ လိမ်မသာ ဖြစ်လေသည်။

## လူတန်းစားသစ်

ပြင်ဉက္ကာ၏အကြောင်းကို အစက ဦးဘတင့်သည် မသိချေ။ သတင်းလောက်ကိုသာ ပြောသံဆိုသံများ ကြားဖူးသလိုရှိလေသည်။ ၎င်းအပြင်ဦးဘတင့်၌ ထိုအချိန်က ပြင်ဉက္ကာကို စိတ်ဝင်စားနိုင်ရန်

mgyoe.com

mgyoe.com



အခြေအနေများလည်း ပြည့်စုံလုံလောက်အောင် မရှိခဲ့သေးချေ။

လွတ်လပ်ရေးမကြေညာမီက သူသည် ရန်ကုန်ပြည်လမ်းမှ သာမန်တောစက်သူဌေးကလေး တစ်ဦးမျှသာ ဖြစ်လေသည်။ ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း သူ၏မိဘများရော၊ ယောက္ခမများပါ သေဆုံး ကုန်ကြသဖြင့် စစ်ကြီးအပြီးတွင် မိဘနှင့်ယောက္ခမများထံမှ အမွေ ဆက်ခံထားရသော ဆန်စက်နှစ်လုံးကို အုပ်စီး လုပ်ကိုင်နေသူတစ်ဦး လည်း ဖြစ်လေသည်။

ဦးဘတင့်သည် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီက ရန်ကုန် တက္ကသိုလ်ကျောင်းတိုက်တွင် ဝိဇ္ဇာတန်းအထိ ပညာသင်ကြားနေဆဲ တွင် နှစ်ဦးနှစ်ဖက်သော မိဘများ၏အစီမံကြောင့် ၎င်း၏တရားဝင် မယားကြီးဖြစ်သူ ဒေါ်တင်တင်မြနှင့် အကြောင်းပါခဲ့ခြင်းဖြစ်လေ သည်။ ဒေါ်တင်တင်မြနှင့် အိမ်ထောင်ကျပြီးနောက် ဦးဘတင့်သည် ဝိဇ္ဇာဘွဲ့အတွက် ကျောင်းဆက်မနေတော့ဘဲ ၎င်း၏မိဘနှင့် ယောက္ခမ များ၏ လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်လေသည်။ နှစ်ဖက်သော မိဘများတွင် သားတစ်ယောက်စီနှင့် သမီးတစ်ယောက်စီသာ ရှိကြ သောကြောင့် လူကြီးမိဘများ မလွန်မီကပင် ဆန်စက်လုပ်ငန်းနှစ်ခု စလုံးတွင် ဦးဘတင့်၏ သဘောကျသာ ဖြစ်ခဲ့လေသည်။ ဦးဘတင့်၏ ဇနီး ဒေါ်တင်တင်မြသည် အလွန်တရာ ရိုးသားအေးချမ်းလှသော အမျိုးသမီးတစ်ဦးဖြစ်၍ ဦးဘတင့် လုပ်သမျှကို ဘာတစ်ခွန်းမျှ ဝင် ရောက်ပြောဆိုခြင်းမရှိဘဲ သည်အတိုင်း ကြည့်နေတတ်လေ့ရှိသည်။

နှစ်ဖက်သော လူကြီးမိဘများ ကွယ်လွန်သွားကြသောအခါ ဦးဘတင့်သည် အသက်သုံးဆယ်ခန့်မျှသာ ရှိသေးလျက် သားသမီး ငါးယောက်ခန့်မျှ မွေးဖွားပြီးနေသော ဒေါ်တင်တင်မြသည် အသက် ၂၇ နှစ်သာသာမျှသာ ရှိသေးသော်ငြားလည်း ရင့်ရော်စပြုလေပြီ။

mgyoe.com

mgyoe.com



သို့ရာတွင် သူတို့လင်မယားပိုင်ဆိုင်သော ဆန်စက်နှစ်လုံးနှင့် အခြေ အနေ အရပ်ရပ်တို့၏ တန်ဖိုးသည် ကာလတန်ဖိုးနှင့် နှစ်သိန်းနီးပါး ခန့်မျှ ရှိခဲ့လေသည်။ ထိုငွေရင်းနှင့် လုပ်ကိုင်လျက်ရှိသော ဆန်စပါး လုပ်ငန်းမှ တစ်နှစ်တစ်နှစ်လျှင် အနည်းဆုံး နှစ်သောင်းခွဲ သုံးသောင်း နီးပါးခန့်မျှ ဝင်ငွေလည်း ရှိနေကြလေသည်။

သို့ရာတွင် လွတ်လပ်ရေးကြေညာပြီးနောက် တစ်နှစ်သာသာ နှစ်နှစ်ခန့်အတွင်း အရှိန်ကြီးမားစွာနှင့် ဖြစ်ပွားပေါ်ပေါက်လာခဲ့သော လက်နက်ကိုင်ထကြွ ပုန်ကန်မှုများကြောင့် ဦးဘတင့်၏ ဆန်စက်နှင့် ဆန်စပါးလုပ်ငန်းသည် များစွာလစ်ဟင်း ပျက်စီးခဲ့လေသည်။ ၁၉၄၉ ခုနှစ်အကုန်တွင် အလုပ်အကိုင်ကိုလုပ်ကိုင်၍ မဖြစ်နိုင်သလောက် အကျပ်အတည်း ဆိုက်လာခဲ့လေသည်။ ထို့ကြောင့် တစ်နှစ်တစ်နှစ် လျှင် ဝင်ငွေနှစ်သောင်းခန့်လောက်ရှိမှ နေ၍ဖြစ်သော ဦးဘတင့်သည် ၎င်း၏ရှေ့နေရေးထိုင်ရေးကိစ္စများကို တစ်မျိုးတစ်ဖုံ စဉ်းစားလာရ လေသည်။ နည်းလမ်းများကိုလည်း ရှာဖွေလာရလေသည်။ ၎င်းအပြင် ဒိစတြိတ် ကျောင်းတစ်ကျောင်း၌ ထားရသော ကလေးငါးယောက် စလုံးအတွက် ပညာသင်ကြားရေးကိစ္စကိုပါ လေးလေးနက်နက် ထည့် သွင်းစဉ်းစားလာရလေသည်။

ရန်ကုန်ပြည်လမ်းတစ်လျှောက်၌ မည်သည့်လုပ်ငန်းကိုင်ငန်း ကိုမှ လုပ်ကိုင်၍ မဖြစ်သောအခါ ဦးဘတင့်သည် ရန်ကုန်သို့ ဆင်း လာခဲ့လေသည်။ မည်သည့် အလုပ်အကိုင်ကို လုပ်ရပါမည့် အရေး အတွက် အပေါင်းအသင်း မိတ်ဆွေများထံတွင် စုံစမ်းရလေသည်။ တိုင်ပင်ရလေသည်။

ယင်းသို့ အလုပ်အကိုင်တစ်ခုခုကို လုပ်ကိုင်ရန်အတွက် ရန်ကုန် သို့ ဦးဘတင့် ဆင်းလာစဉ်က ပြည်တော်သာသော အချိန်တော့ကား

mgyoe.com